သို့ SIYB Entrepreneurs များမင်္ဂလာပါ။

ILO၏ စွန့်ဦးတီထွင်မှုနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအထောက်အကူပြုစီမံကိန်း ILO Entrepreneurship and MSME support Project မှ နှုတ်ခွန်းဆက်သအပ်ပါတယ်။

စီမံကိန်းကို ၂၀၁၄မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး လက်ရှိ SIYB Network အား ပိုမိုအားကောင်းစေရန် SIYB Myanmar အား Master Trainers, Trainers များနှင့် စုစည်းဖွဲ့စည်း၍ ၂၀၁၇ခုနှစ် ဒီဇင်ဘာတွင် ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါ Master Trainers/ Trainers များနှင့် စုစည်းထားသော SIYB Myanmar မှဆရာ၊ဆရာမများကိုယ်စား နှုတ်ခွန်းဆက်သအပ်ပါတယ်။

SIYB သည် မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှ စတင်၍ စွန့်ဦးတီထွင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ စီးပွားရေး စီမံခန့်ခွဲမှုနည်းပညာစနစ်တစ်ခု အဖြစ်စတင်ခဲ့ပြီး ယနေ့မြန်မာနိုင်ငံတဝှမ်းတွင် သင်တန်းနည်းပြ ငါးရာကျော်မှ  အငယ်စား၊ အသေးစား၊ အလတ်စား၊ လက်လီစသည်ဖြင့် စီးပွားရေးလုပ်ငန်းစတင်လိုသူများ၊ လက်ရှိစီးပွားရေး ပိုမိုတိုးတက်အောင်ပြုလုပ်လိုသူ လုပ်ငန်းရှင်ပေါင်း(၂၅၀၀၀)ကျော်ကို အောင်မြင်စွာ ဤနည်းစနစ်အား မျှဝေပြီးဖြစ်ပါသည်။

ယခုအခါတွင် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် ရည်ရွယ်၍ SIYB Master Trainers, Trainers များ စုစည်းတည်ရှိရာ SIYB Myanmar မှ မိမိတို့၏ သင်တန်းဆရာ၊ဆရာမများနှင့် SIYB စီးပွားရေးစီမံခန့်ခွဲမှုနည်းစနစ်ကို ရရှိထားပြီးဖြစ်သော စီးပွားရေးလုပ်ငန်းရှင်များ အတူတကွပူးပေါင်းပါဝင်နိုင်မည့် “SIYB ENTREPRENEUR DAY - 2018” SIYB စွန့်ဦးတီထွင်သူများနေ့-(၂၀၁၈)ကို ကြီးကျယ်ခမ်းနားစွာဖြင့် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ တွင် နိုဝင်ဘာလ (၁၆) နှင့် (၁၇) ရက်နေ့များ၌ ကျင်းပပါမည်။

ဤ SIYB စွန့်ဦးတီထွင်သူများနေ့-၂၀၁၈ (နိုဝင်ဘာ ၁၆-၁၇ ရက်များ)၌ လုပ်ငန်းရှင်အချင်းချင်းမိတ်ဆက်အစီအစဉ်များပြုလုပ်နိုင်မည့် SIYB ၏ အောင်မြင်သော Game များ၊ ကုန်စည်ပြပွဲအစီအစဉ်များ၊ စီးပွားရေးမိတ်ဖက်ရှာဖွေခြင်း အမြင်ဆွေးနွေးဖလှယ်ပွဲများ၊ စီးပွားရေးအကြံပေး အစီအစဉ်များ၊ “စိမ်းလန်းစိုပြေ မကွေးဌာနေ၊ ပလပ်စတစ်ကို “လျှော့ကြပါစို့လေ”   ဟူသော အစီအစဉ်၊ ဆုချီးမြှင့်အသိအမှတ်ပြုခြင်း အစီအစဉ်များကို ပြုလုပ်မည့်အပြင် မြန်မာနိုင်ငံတဝှမ်းမှ လုပ်ငန်းရှင်များ လာရောက်ပါဝင်ပြီး မိမိတို့၏ ထုတ်ကုန် ကုန်စည်များ၊ ဝန်ဆောင်မှုများကို ရောင်းချခြင်းများ စသည်ဖြင့် တမူထူးခြားကောင်းမွန်သော အစီအစဉ်ကောင်းများစွာပါဝင်ပါမည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စက်မှုဝန်ကြီးဌာန၏ အသေးစားအလတ်စားစီးပွားရေးဌာန၊ ILO၏ စွန့်ဦးတီထွင်မှုနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအထောက်အကူပြုစီမံကိန်း တို့မှ အသိအမှတ်ပြုပြီး SIYB ဝါရင့်ဆရာ၊ဆရာမများ၊ အသိအမှတ်ပြုဆရာ ဆရာမများ၊ SIYB သင်တန်းပြီးမြောက်ပြီးသော အနယ်နယ်အရပ်ရပ်ရှိ လုပ်ငန်းရှင်များ၊ ဒေသခံလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံစားသုံးသူအသင်း၊ မိတ်ဖက်အဖွဲ့အစည်းများ နှင့် စီးပွားရေးအခွင့်အလမ်းများကို မျှော်လင့်သောလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ပါသည်။

SIYB စွန့်ဦးတီထွင်သူများနေ့၏ ကုန်စည်ပြပွဲအစီအစဉ်တွင် မိမိတို့၏ ထုတ်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုကို ရောင်းဝယ်ဖောက်ကားနိုင်ရန်အတွက် ဆိုင်ခန်းပေါင်း  (၂၀၀ ) ကိုစီစဉ်ထားပါသည်။

ကုန်စည်များပြသရန် (၂)ရက်တိတိဖြစ်ပြီး ထိုအချိန်အတွင်း သင်တန်းဆရာများနှင့် SIYB သင်တန်းသားစီးပွားရေးလုပ်ငန်းရှင်များမှာ မိမိတို့၏ စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှုများအား မြှင့်တင်နိုင်မည့် အခွင့်လမ်းကောင်းနှင့် တိုးချဲ့ဆောင်ရွက်နိုင်မည့် လူမှုဝန်းကျင်ကောင်းများလည်း ဖန်တီးလုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

စွန့်ဦးတီထွင်သူများနေ့တွင် လူဦးရေ ၄၀၀ ကျော်ခန့်ရှိသော သင်တန်းဆရာ ဆရာမများ၊ လုပ်ငန်းရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ လာရောက်မည်ဟု မျှော်မှန်းပါသည်။ ဒေသခံများ၏ လာရောက် အားပေးမှု အားကောင်းခြင်းလည်း ရှိပါမည်။ မှန်းခြေအားဖြင့် တစ်ရက်လျှင်ဒေသခံ ၁၅၀၀ ကျော် လာရောက်မည်ဟု မျှော်မှန်းပါသည်။

**ထို့ကြောင့် လူကြီးမင်း အနေဖြင့် ပါဝင်ဆင်နွှဲနိုင်ရန် ပွဲဖြစ်မြောက်ရေးစီစဉ်သူအဖွဲ့မှ ဂုဏ်ယူဝမ်းမြောက်စွာဖြင့်  အသိပေး ဖိတ်ခေါ်ပါသည်။**

မိမိ၏ Business Network အား တိုးချဲ့မြှင့်တင်ဆောင်ရွက်နိုင်မည့် ကောင်းမွန်သော အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါ၍ အခွင့်အရေးအား လက်လွတ်မခံဘဲ SIYB မိသားစုအဖြစ် ပူးပေါင်းပါဝင် တက်ရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အသေးစိတ်ဖိတ်ကြားလွှာအစီအစဉ်အား email attachment တွင် ဖတ်ပေးပါရန်လည်း ပန်ကြားအပ်ပါသည်။**

လေးစားစွာဖြင့်,

**ဒေါ်အေးပုလဲလှိုင်**

M&E officer, Entrepreneurship and MSME support, ILO Myanmar